## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## ပထမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ကတိသစ္စာ တိုင်ပေးတဲ့အခါ ကျွန်ုပ်သည်လို့ တိုင်ပေးတဲ့ အခါမှာ ကွက်လပ်မှာ မိမိရဲ့အမည်ကို တစ်ပါတည်းထည့်ပြီး ရွတ်ဆိုသွားကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ "ကျွန်ုပ်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံး နေရာပြန်ယူနိုင်ပါပြီ။ အားလုံးထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၂.၂၀) ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ သားရှင်ပြုရန်။ ဦးသန်းဆွေ၊ မကွေး(၇)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ မိသားစုအလှူ။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကျန်းမာရေး။ ဦးဇော်နိုင်ဦး၊ မွန် (၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး ကိစ္စ။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ပြည်ပခရီးစဉ်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးကျော်နေမော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူး တင်မောင်ဝင်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်၊ သင်တန်းတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းစွာ တက်ရောက်လာကြတာကို တွေ့မြင်ရတဲ့အတွက် ဝမ်းမြောက်ပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ် (၂)လတာ ကာလအတွင်း မဲဆန္ဒရှင် ပြည်သူများနဲ့ တွေ့ဆုံပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို သယ်ဆောင်လာကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ဟာ မိမိရဲ့မဲဆန္ဒရှင်များကို ကိုယ်စားပြုခြင်း၊ နိုင်ငံသားအားလုံးအတွက် ကျယ်ပြန့်စွာ ကိုယ်စားပြုခြင်းနဲ့ ဥပဒေပြုခြင်းများပဲ ဖြစ်ပါတယ်။

ပြည်သူများကို ကျယ်ပြန့်စွာ ကိုယ်စားပြုရာမှာ ပြည်သူများအတွက် စားဝတ်နေမှု ပြည့်စုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး၊ ပညာသင်ကြားခွင့် ရရှိရေး၊ အလုပ်အကိုင် ရရှိရေး၊ တရားဥပဒေ အကာအကွယ် ရရှိရေးနဲ့ ပုဂ္ဂလိက လုံခြုံရေးတို့ဟာ အခြေခံလိုအပ်ချက်တွေ ဖြစ်ပါတယ်။ ဒီလိုအပ်ချက်တွေအတွက် လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်တွင်းမှာ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနဲ့ ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းများကို စဉ်းစားရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် တည်ဆဲဥပဒေများနဲ့ ဆီလျော်ညီညွတ်မှု ရှိ/မရှိ၊ အမှန်တကယ် ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေ ဟုတ်/မဟုတ်၊ အများပြည်သူ လိုက်နာနိုင်စွမ်း ရှိ/မရှိ၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အကျိုးပြု/မပြု၊ ပြစ်မှုသတ်မှတ်ချက်များ သဘာဝကျ/မကျ၊ ပြစ်ဒဏ်သည် စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တပြုပြင်ရေးကို ရှေးရှုခြင်း ရှိ/မရှိ တို့ကို အမြဲသတိချပ်ကြဖို့ တိုက်တွန်းလိုပါတယ်။

ယခုဆိုလျှင် လွှတ်တော်သက်တမ်းဟာ (၃)နှစ်ကျော် (၄)နှစ်အတွင်းကို ရောက်လာပြီမို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ရင့်ကျက်လာကြပြီ ဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်ရဲ့ ဓလေ့ထုံးတမ်းများနဲ့အညီ ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါတယ်။

ဒါကြောင့် ယခုလို ဒသမအကြိမ် ပုံမှန်အစည်းအဝေးမှာလည်း မိမိတို့ရဲ့ ကိုယ်စီတာဝန် ကျေပွန်ကြဖို့အပြင် အမျိုးသားလွှတ်တော်ရဲ့ ဂုဏ်ရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ကြယ်ပွင့်ပြတဲ့မေးခွန်းတွေ မေးမြန်းတဲ့ အစီအစဉ် ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းနဲ့ ပတ်သက်လို့ အနည်းငယ် ပြောကြားလိုပါတယ်။ ယခင် လွှတ်လပ်ရေးရပြီးစ ပါလီမန်မှာ မေးခွန်းမေးမြန်းတဲ့ နမူနာတွေဟာ အလွန်တိုတောင်းပါတယ်။

ဥပမာ - သခင်သိန်းမောင်၊ မအူပင် (အမေး)

(က) ပန်းတနော်မြစ်ကို တူးဖော်ပေးရန် အစိုးရက ကြံရွယ်ပါသလား။

(ခ) ကြံရွယ်ပါလျှင် မည်သည့်အခါ တူးဖော်ပေးပါမည်နည်း။

(ဂ) တူးဖော်သောအခါ ၎င်းမြေများ၊ သဲများနှင့် မြို့အတွင်းရှိ ချိုင့်များကို ဖို့ပေးပါမည်လား။

သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန၊ ဝန်ကြီးရဲ့ (အဖြေ)

(က) ကြံရွယ်ပါသည်။

(ခ) လမ်းသမိုင်းကြောင်း တူးဖော်ပြီးသောအခါ တူးဖော်ပေးပါမည်။

(ဂ) ဤကိစ္စတွင် မြို့တွင်းရှိ ချိုင့်များ၊ တွင်းများ အခြေအနေနှင့် သောင်မှုတ်ပိုက်များ ထိုနေရာများသို့ ရောက်နိုင်/မရောက်နိုင် ဟူသော အခြေအနေပေါ်တွင် တည်နေပါသည်။

ဒီလိုပဲ ဖြေတဲ့အနေအထား ရှိတဲ့အတွက် အချိန်အများကြီး သက်သာပါတယ်။ အမျိုးသားလွှတ်တော် နည်းဥပဒေမှာလည်း နည်းဥပဒေ ၁၁၃၊ မေးခွန်းနဲ့ပတ်သက်တဲ့ စည်းကမ်းချက်၊ (င) လိုအပ်ခြင်းမရှိဘဲ ရှည်လျားသော မေးခွန်းများ မဖြစ်စေရ ဆိုပြီးတော့ သတ်မှတ်ထားတာ ရှိပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့အခါမှာ ယခင်ကတော့ မိမိတို့ရဲ့ တောင်းဆိုချက်ကို ခိုင်လုံအောင် အကြောင်းပြချက်တွေ ရှင်းလင်းတင်ပြရတာ ရှိပါတယ်။ အချို့သောနိုင်ငံတွေရဲ့ လွှတ်တော်တွေမှာဆိုရင် မေးခွန်းမေးရင် (၂)မိနစ် သတ်မှတ်ပြီးတော့၊ ဖြေကြားရင် (၃)မိနစ် သတ်မှတ်တာတွေ ရှိပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာတော့ ဒီလို အချိန် သတ်မှတ်ပေးခြင်း မပြုပါဘူး။ သို့သော်လည်း မိမိတို့ရဲ့ ပင်ကိုယ်အသိနဲ့ အချိန်ကို ချွေတာသောအားဖြင့် တတ်နိုင်သမျှ အတိုချုံးပြီးတော့ တင်ပြဖို့ တိုက်တွန်းပါတယ်။ သို့သော် မိမိတို့ ပြောရမယ့်၊ ဆိုရမယ့်၊ ပြောသင့်ဆိုသင့်တဲ့ အချက်အလက်တွေ အားလုံးကိုတော့ ပြည့်ပြည့်စုံစုံ ထိထိရောက်ရောက် ပြောကြဖို့ တိုက်တွန်းလိုပါတယ်။

အခု အစီအစဉ်(၇)ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**လွိုင်လင်-ပန်ကေတု-သီပေါ ပြည်ထောင်စုလမ်းမကြီးတွင်ပါဝင်သော လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းရှိ ၅/၄ မိုင်တိုင် မှ ၆/၁ မိုင်တိုင် အထိ လက်ရှိ(၁၂)ပေ လမ်းကို အကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က လွိုင်လင်-ပန်ကေတု-သီပေါ ပြည်ထောင်စုလမ်းမကြီးတွင် ပါဝင်သော လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းရှိ ၅/၄ မိုင်တိုင် မှ ၆/၁ မိုင်တိုင်အထိ လက်ရှိ(၁၂)ပေလမ်းကို အကျယ်တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်း မေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မှ ဒေသခံပြည်သူများရဲ့ ကိုယ်စား လွိုင်လင် - ပန်ကေတု - သီပေါ ပြည်ထောင်စုလမ်းမကြီး အပါအဝင်ဖြစ်တဲ့ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းရှိ မိုင်တိုင် ၅/၄ မှ မိုင်တိုင် ၆/၁ အထိ လက်ရှိ(၁၂)ပေလမ်းကို အကျယ် တိုးချဲ့ပေးရန် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပင်လုံမြို့ဟာ လွိုင်လင်မြို့နယ်အတွင်း ဆိုတော့ လည်း ခရိုင်မြို့ဖြစ်တဲ့ လွိုင်လင်မြို့နီးနီး လူနေ အိမ်ခြေနဲ့ လူဦးရေရှိပြီး စည်းကားတဲ့ မြို့ဖြစ်ပါတယ်။ ပင်လုံမြို့အတွင်းမှာ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီများ နဲ့ စက်ဘီးများ မောင်းနှင်သွားလာမှု များပြားပြီး လဲချားမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်နဲ့ ရှမ်းပြည်(မြောက်ပိုင်း)မှလာတဲ့ ယာဉ်များ ဖြတ်သန်းတဲ့ လမ်းပေါ်မှာ တည်ရှိတဲ့အတွက်ကြောင့် ယခုလက်ရှိ မြို့လယ် မင်းလမ်း(၁၂)ပေအကျယ်နဲ့ မလုံလောက်သလို ဖြစ်နေပါပြီ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်း၊ ရင်းနှီးမြှုပ်နှံမှု လျာထားချက် ငွေလုံးငွေရင်း အသုံးစရိတ် တည်ဆောက်ရေးလုပ်ငန်း အစီရင်ခံစာမှာ လွိုင်လင်-ပန်ကေတု-သီပေါလမ်းအတွက် ဆောင်ရွက်မယ့် စီမံကိန်းအဆိုပြုချက် ကျပ်သန်းပေါင်း(၁၂၀၀) လို့ ပါရှိတာ တွေ့ရှိရပါတယ်။ အဲဒီမှာ ကျပ်သန်းပေါင်း(၂၀၀)ကို မိုင်တိုင် ၀/၁ မှ ၁/၀ အထိ (၁၂)ပေအကျယ် မူလကတ္တရာလမ်းဟောင်းအား (၁၈)ပေအကျယ်ချဲ့ရန်၊ ကျပ်သန်းပေါင်း(၈၀၀)ကို မိုင်တိုင် ၇/၀ မှ ၁၅/၄ အထိ (၈)မိုင်(၄)ဖာလုံ၊ မူလ(၁၂)ပေအကျယ် လမ်းပျက်စီးနေမှုကို ပြုပြင်ပြင်ဆင်ရန်နှင့် ကျန် ကျပ်သန်းပေါင်း(၂၀၀)ကို သီပေါမြို့နယ် မိုင်တိုင် ၁၀၂/၂ မှ ၁၀၄ အထိ (၂)မိုင်၊ မိုင်တိုင် ၁၁၂/၄ မှ ၁၁၄/၄ အထိ (၂)မိုင် စုစုပေါင်း(၄)မိုင် ကတ္တရာလမ်းပျက်အား ပြုပြင်ပြင်ဆင်ရန် ဖော်ပြထားပါတယ်။ တင်ပြပါ

ကျွန်တော့်မေးခွန်းက ပင်လုံမြို့တွင်း မိုင်တိုင် ၅/၄ မှ မိုင်တိုင် ၆/၁ အတွင်းဖြစ်ပြီး ဆောင်ရွက်မယ့် လုပ်ငန်းထဲမှာ မပါသေးတာကို တွေ့မြင်ရပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းထဲမှာပါတဲ့ လမ်းအပိုင်းဟာ ပင်လုံ မြို့လယ်လမ်းဖြစ်ပြီး လွိုင်လင်-ပန်ကေတု-သီပေါ ပြည်ထောင်စုလမ်းအပိုင်း ဖြစ်တဲ့အတွက် အခြားမြို့နယ် မှ ယာဉ်များ၊ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာတဲ့ ခရီးလမ်းဖြစ်သလို မြို့ပေါ်နှင့် ကျေးရွာများမှ မြို့ပေါ်သို့ မော်တော်ယာဉ်၊ ထော်လာဂျီယာဉ်များနှင့် ရပ်ကွက်များမှ ဆိုင်ကယ်များ အဆက်မပြတ် သွားလာနေကြပါတယ်။ လွိုင်လင်မှ ပင်လုံတက္ကသိုလ်ကျောင်းသူ/ကျောင်းသားများနှင့် ပင်လုံမှ လွိုင်လင် နည်းပညာတက္ကသိုလ်တက် ကျောင်းသူ/ကျောင်းသားများ လွိုင်လင် - ပင်လုံ တာဝန်ကျဝန်ထမ်းများ နေ့စဉ် သွားလာနေတဲ့ လမ်းလည်း ဖြစ်ပါတယ်။ ယင်းလမ်းအပိုင်းအတွင်းမှာ အထက်တန်းကျောင်း၊ မူလွန်ကျောင်း(၁)ကျောင်း၊ ရဲစခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လူဝင်မှုကြီးကြပ်ရေးရုံး၊ စည်ပင် သာယာရေးဦးစီးဌာနရုံးအစရှိတဲ့ဌာနများ တည်ရှိပါတယ်။ ကျောင်းတက်၊ ကျောင်းဆင်းချိန် ကျောင်းသား/ ကျောင်းသူများ လမ်းလျှောက်သွားလာခြင်းအပြင် ဆိုင်ကယ်များ များပြားစွာ ဖြတ်သန်းသွားလာခြင်း တို့ကြောင့် ယာဉ်ထိန်းရဲများဖြင့် နေ့စဉ်ထိန်းသိမ်းစောင့်ကြပ်ပေးရခြင်းများကြောင့် လမ်းနဲ့ လူ၊ ယာဉ် မျှတမှု မရှိတော့ပါ။ ယင်းလမ်းအပိုင်းမှာ ပင်လုံကျောက်တိုင်ရဲ့ ရှေ့မျက်နှာစာ လမ်းဖြစ်၍ လည်းကောင်း၊ နိုင်ငံတော်အဆင့်မှ တည်ထားကိုးကွယ်တဲ့ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်တို့ရဲ့ ရှေ့မျက်နှာစာဖြစ်၍ လည်းကောင်း၊ ပြည်သူများ သွားလာနေကြတဲ့ လမ်းဖြစ်၍လည်းကောင်း၊ ကားအန္တရာယ်၊ ယာဉ်အန္တရာယ် တို့မှ ကင်းဝေးစေရန် လျော်ညီသော လမ်းအကျယ်အဝန်းရှိသည့် လမ်းမကြီးအဖြစ် ယင်းလမ်းအရှည် (၅)ဖာလုံကို အကျယ်ချဲ့ပေးသင့်ကြောင်း ဒေသခံပြည်သူများက ဆန္ဒရှိနေကြတဲ့အတွက် အောက်ပါ မေးခွန်းကို ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ် -

လွိုင်လင်-ပန်ကေတု-သီပေါ ပြည်ထောင်စုလမ်းမကြီးတွင် ပါဝင်သော လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းရှိ ၅/၄ မိုင်တိုင်မှ ၆/၁ မိုင်တိုင်အထိ လက်ရှိ (၁၂)ပေအကျယ်လမ်းကို အကျယ် တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းပြီး မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မုံရွာ-ယာကြီး-ကလေးဝလမ်းအား ရာသီမရွေး အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က မုံရွာ-ယာကြီး-ကလေးဝလမ်းအား ရာသီမရွေး အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါ စေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ မုံရွာ-ယာကြီး-ကလေးဝလမ်းအား ရာသီမရွေး အသုံးပြုနိုင်ရန် ကိစ္စဖြစ်ပါတယ်။ မုံရွာ-ယာကြီး-ကလေးဝ

လမ်းဟာ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်၊ တမူးမြို့နယ်အပြင် ချင်းပြည်နယ်(မြောက်ပိုင်း) စသည်တို့မှ အဓိက အားကိုးအားထားပြုရတဲ့ လမ်း ဖြစ်ပါတယ်။ ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှုတို့အတွက် ဒေသတွင်းမှာ အရေးပါရုံမက မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအတွက် အဆင်အပြေဆုံး၊ အတိုတောင်းဆုံးနဲ့ အရေးအပါဆုံး လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ သို့သော်လည်း အဆိုပါလမ်းဟာ မြေသားလမ်း မိုင်ပေါင်းများစွာ ပါရှိနေတဲ့အတွက် ပွင့်လင်းရာသီတွင်သာ သွားလာနိုင်ပြီး မိုးအနည်းငယ် ရွာလိုက်ရုံနဲ့ သွားလို့မရတော့ပါဘူး။ တစ်နှစ်မှာ (၅)လ၊ (၆)လခန့်ပဲ အသုံးပြုနိုင်ပါတယ်။ ယာကြီးလမ်း ပိတ်သွားရင် မိုင်ပေါင်းများစွာ ပိုမိုရှည်လျားတဲ့ ကလေး- ဂန့်ဂေါ- မုံရွာလမ်းကို အသုံးပြုရပါတယ်။ အချိန်၊ ငွေ များစွာကုန်ကျရပါတယ်။ နောက်တစ်ခါ ဂန့်ဂေါလမ်းဟာလည်း မိုးများရင် ချောင်းများကျပြီး ပိတ်တဲ့ အတွက် ခရီးဖင့်ပါတယ်။ ယာကြီးလမ်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဒေသမှာ အလွန်ကို အရေးပါတဲ့ လမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာရော၊ အမျိုးသားလွှတ်တော်မှာရော နှစ်ခုလုံးမှာ အကြိမ်ကြိမ် မေးမြန်းခဲ့ကြပါတယ်။ အခက်အခဲကိုလည်း အကြိမ်ကြိမ်တင်ပြခဲ့ဖူးပါတယ်။ အဲဒီလိုတင်ပြတဲ့ အခါမှာ အိန္ဒိယနိုင်ငံအကူအညီနဲ့ ၂၀၁၅-၂၀၁၆ မှာ အပြီးဆောင်ရွက်ပါမယ်လို့ အဖြေကိုသာ ရရှိခဲ့ ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ယာကြီးလမ်းကို ပြင်ဆင်မယ့် အိန္ဒိယနိုင်ငံနဲ့ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မယ်။ မည်သည့်ကာလမှာ စတင်မယ်၊ မည်သည့်ကာလမှာ ပြီးစီးအောင် ဆောင်ရွက်မယ် ဆိုတာကို သိရှိလိုပါကြောင်း ကျွန်တော်တို့ ပြည်သူလူထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာပြည်တွင်း လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များက စက်မှုဇုန်ထုတ် ကားများကိုလည်း အခြား ယာဉ်များနည်းတူ သတ်မှတ်ခွင့်ပြု တန်ချိန်ထက် (၂)တန်ပိုမို ခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် က မြန်မာပြည်တွင်း လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များက စက်မှုဇုန်ထုတ် ကားများကိုလည်း အခြားယာဉ်များနည်းတူ သတ်မှတ်ခွင့်ပြု တန်ချိန်ထက် (၂)တန်ပိုမို ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ စက်မှုဇုန်တွေ တည်ထောင် ပေးခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ အဲဒီလို တည်ထောင်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ ဒါ

စက်မှုလုပ်ငန်းတွေ တိုးတက်ပြီးတော့ ဒါ ကျွန်တော်တို့ ကားထုတ်လုပ်ရေးလုပ်ငန်းတွေလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလို ပေါ်ပေါက်လာတဲ့အတွက် ကျွန်တော်တို့ တောင်ကြီးစက်မှုဇုန်ထုတ် ရှမ်းစတားဂျစ်တို့၊ ကလေးစက်မှုဇုန်ထုတ် ဂျစ်ဘလူး တို့၊ မြင်းခြံ ဝလ်ဂွန်ဂျစ် တို့၊ မုံရွာဂျစ်ကားတို့ဟာ ဒါ လူသိများခဲ့ပါတယ်။ အလားတူ (၆)ဘီးယာဉ်၊ (၁၀)ဘီးယာဉ်များလည်း စက်မှုဇုန်အသီးသီးက ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီလို ထုတ်လုပ်တဲ့အတွက် ပြည်ပနိုင်ငံများက အဲဒီလို (၆)ဘီးတို့၊ (၁၀)ဘီးတို့ တင်သွင်းရင် ဒါ သဘော်ာခဈေး ကြီးမြင့်ခြင်း၊ လေလံဈေး ကြီးမြင့်ခြင်းတို့ကြောင့် ဒီနိုင်ငံခြားငွေတွေ ပိုမိုသုံးစွဲရပါတယ်။ ဒါပြည်တွင်းမှာ ထုတ်လုပ်မယ်ဆိုရင်တော့ လိုအပ်တဲ့ အင်ဂျင်၊ Axle ဂီယာဘောက်တွေသာ သီးခြားတင်သွင်းရတဲ့အတွက် နိုင်ငံခြားငွေလည်း သက်သာပါတယ်။

မော်တော်ကားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ဒါ ဖရိန်တည်ဆောက်တဲ့လုပ်ငန်း၊ ဘော်ဒီ တည်ဆောက်တဲ့လုပ်ငန်း ဒါတွေမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ၊ ကားဆေးသုတ်တဲ့လုပ်ငန်း၊ ကား Wiring လုပ်ငန်း၊ ဒါတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိပါတယ်။ နောက်ပြီးတော့ နိုင်ငံခြားက တင်သွင်းတဲ့ကားတွေဟာ မြန်မာပြည်မှာရောက်ရင် ပြန်လည်ပြုပြင်ရတဲ့အတွက် ဒါ မြန်မာပြည်မှာ ထုတ်တဲ့ ကားတွေကို တချို့ကားပိုင်ရှင်တွေက ပိုပြီးတော့ ကြိုက်နှစ်သက်ကြောင်းလည်း သိရှိရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီ ပြည်တွင်း လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်တွေက ဒါ သူတို့ အခြားယာဉ်တွေကို သတ်မှတ်ခွင့်ပြုချိန်ထက် (၂)တန်စီ ခွင့်ပြုပြီးတော့ ဒီစက်မှုဇုန်ထုတ် (၆)ဘီးကားတွေကိုတော့ ခွင့်ပြုတန်ချိန်(၁၆)တန် ကိုတော့ (၂)တန်တိုး ခွင့်မပြုဘူးလို့ လုပ်ငန်းရှင်တစ်ဦးက ဒါ ကျွန်တော်တို့သူတို့နဲ့ ထိတွေ့တဲ့အခါမှာ၊ သူတို့ရဲ့ အခက်အခဲတွေကို မေးမြန်းတဲ့အခါမှာ တင်ပြလာတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါအဲဒီလို ခွင့်မပြုတဲ့အတွက် လုပ်ငန်းရှင်တွေက စက်မှုဇုန်ထုတ် ကားတွေကို မသုံးတော့ဘဲနဲ့ ဒါတခြား နိုင်ငံခြားက တင်သွင်းလာတဲ့ကားတွေကိုပဲ သုံးစွဲတဲ့အတွက် ဒီလုပ်ငန်းရှင်တွေရဲ့လုပ်ငန်းကို နှောင့်နှေးအောင်၊ အခက်အခဲ ဖြစ်သွားအောင် ဆောင်ရွက်သလို ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီလိုစက်မှုဇုန်ထုတ်ကားများကိုလည်း အခြားယာဉ်များနည်းတူ သတ်မှတ်ခွင့်ပြုတန်ချိန်ထက် (၂)တန် ပိုမိုခွင့်ပြုနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေကြောင်း ဒသမအကြိမ် ပုံမှန်အစည်းအဝေးကြီးရဲ့ ပထမဦးဆုံးနေ့မှာ

ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးခွန်း(၃)ခုကို ဖြေကြားတဲ့အခါမှာ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုင်းကျော်ဇောသန်း မှ မေးမြန်းထားတဲ့ လွိုင်လင်-ပန်ကေတု-သီပေါလမ်း ပြည်ထောင်စုလမ်းမကြီးမှာ ပါဝင်တဲ့ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အတွင်းမှာရှိတဲ့ မိုင်တိုင် ၅/၄ ကနေပြီးတော့ ၆/၁ အတွင်းရှိတဲ့ လက်ရှိ လမ်း(၁၂)ပေအကျယ်လမ်းကို တိုးချဲ့ပေးရန်အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကို ပိုမိုရှင်းလင်းစေရန်အတွက် ကျွန်တော် Power Point နဲ့ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ဒီမှာ ကျွန်တော် တင်ပြထားတာကတော့ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ဒီလမ်းဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ကို ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပြီးတော့ မိုင်အားဖြင့် (၁၄၉)မိုင်နဲ့ (၂)ဖာလုံ ရှိတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ဒီလမ်းမှာ အခု ကိုယ်စားလှယ်တော်ကြီး တင်ပြတာကတော့ ဒီလွိုင်လင်မြို့အနီးမှာရှိတဲ့ ပင်လုံမြို့ ဖြစ်ပါတယ်။ ပင်လုံမြို့အတွင်းကို ဖြတ်သွားတဲ့ မိုင်တိုင် ၅/၄ နဲ့ ၆/၁ အကြားမှာရှိတဲ့ လမ်းဟာ ဒါ (၁၂)ပေ လမ်းပဲ ရှိပါတယ်။ ဒီလမ်းကို ကျွန်တော်တို့ ပြန်လည်ပြီးတော့ သုံးသပ်စိစစ်တဲ့အခါမှာ ဒီလမ်းပေါ်မှာ သွားနေတဲ့ ယာဉ်အစီးရေပမာဏဟာ တစ်နေ့ တစ်နေ့ကို ယာဉ်စီးရေ (၂၇၀)ခန့် သွားလာတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ရဲ့ သတ်မှတ်စံနှုန်းများအရ တစ်နေ့ကို ပျမ်းမျှ (၅၁)က နေပြီးတော့ (၅၀၀)အတွင်း သွားခဲ့လို့ရှိရင် ကျွန်တော်တို့က (၁၈)ပေအကျယ်လမ်း ချဲ့ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ဒီလမ်းကို ကျွန်တော်တို့က တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (၂၇၀) သွားလာနေတာ ဖြစ်တဲ့အတွက် ဒီလမ်းကို (၁၂)ပေအကျယ် ကနေပြီးတော့ (၁၈)ပေ အကျယ်အထိ ကျွန်တော်တို့ ချဲ့ပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့ အတွက်လည်းပဲ ကျွန်တော်တို့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ(၈၉.၅)သန်း ခွဲဝေပြီးတော့ ဒီလမ်း (၅)ဖာလုံကို (၁၈)ပေအကျယ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးသိန်းလှိုင် က မေးမြန်းထားတဲ့ မုံရွာ-ယာကြီး-ကလေးဝလမ်းကို ရာသီမရွေး အသုံးပြုနိုင်ရေးကိစ္စနဲ့ပတ်သက်ပြီး သိရှိလိုတဲ့ မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းအတွင်းမှာရှိတဲ့ မုံရွာ-ယာကြီး-ကလေးဝ လမ်းဟာ (၁၁၅)မိုင်နဲ့ (၅)ဖာလုံ ရှိပါတယ်။ ဒါလည်းပဲ ကျွန်တော်ဒီမှာ လမ်းကြောင်းပြမြေပုံ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီမှာ မုံရွာ ဖြစ်ပါတယ်။ ဒါ ယာကြီး ဖြစ်ပါတယ်။ ဒီမှာကလေးဝ ဖြစ်ပြီးတော့ လမ်းမိုင်အရှည်ဟာ (၁၁၅)မိုင်နဲ့ (၅)ဖာလုံရှိတဲ့လမ်း ဖြစ်ပါတယ်။ ဒီလမ်းကိုလည်းပဲ ၂၀၁၀ ခုနှစ်မှာ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကနေပြီးတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းပြီးတော့ တာဝန်ယူဆောင်ရွက်တဲ့လမ်း ဖြစ်ပါတယ် ခင်ဗျား။ ဒီလမ်းနဲ့ပတ်သက်ပြီးတော့

ကျွန်တော် (၂)ပိုင်း တင်ပြလိုပါတယ်။ ပထမအပိုင်းမှာ မုံရွာကနေ ယာကြီးအထိ အပိုင်း ဖြစ်ပါတယ်။ အဲဒီအပိုင်းဟာ မိုင်(၄၀) ရှိပါတယ်။ ဒီအပိုင်းကိုတော့ ကျွန်တော်တို့ ၂၀-၇-၂၀၁၁ ရက်နေ့ကစပြီးတော့ ဒီအပိုင်းကို မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီကို B.O.T စနစ်နဲ့ ကျွန်တော်တို့ ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပေးခဲ့တဲ့အခါမှာ မုံရွာအုပ်စု ဆောက်လုပ်ရေး ကုမ္ပဏီက မုံရွာ ၀/၀ ကနေပြီးတော့ မိုင် ၂၀ အထိကို (၁၈)ပေ အကျယ်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျန်တဲ့ မိုင်(၂၀) ကို မိုင်(၂၀) ကနေပြီးတော့ မိုင်(၄၀) အထိကို ကျွန်တော်တို့ (၁၈)ပေအထိ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း အတိုင်း မီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း ပထမပိုင်းအနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယပိုင်းကတော့ ယာကြီးကနေပြီးတော့ ကလေးဝ အပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းကိုတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းအထူးအဖွဲ့ (၃)က ကျွန်တော်တို့ ဆောင်ရွက်နေတဲ့အပိုင်း ဖြစ်ပါတယ်။ မိုင်အားဖြင့် (၇၅)မိုင်နဲ့ (၅)ဖာလုံ ရှိတဲ့ လမ်း ဖြစ်ပါတယ်ခင်ဗျား။ အဲဒီလမ်းမှာတော့ ကျွန်တော်တို့ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ကျပ်သန်း (၃၀၀)နဲ့ ကတ္တရာခင်းခြင်းလုပ်ငန်း (၁)မိုင် ဆောင်ရွက်ပါတယ်။ အမာခံခင်းခြင်းလုပ်ငန်း (၁)မိုင် ဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာပဲ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၉၁၀.၅)သန်းနဲ့ (၁၈)ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၈)မိုင် (၂)ဖာလုံ နဲ့ အမာခံ လမ်းခင်းခြင်း (၄)မိုင် (၁)ဖာလုံ ကျွန်တော်တို့ ဒါတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ဒီ့အပြင် လမ်းမျက်နှာပြင် ချောမွေ့ဖို့အတွက် ချောင်းသဲဖြန့်ဖြူးခြင်း (၁၁)မိုင် (၅)ဖာလုံကို လည်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါတွေကို ဆောင်ရွက်ပြီးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ လမ်းအခြေအနေကတော့ (၇၅)မိုင်နဲ့ (၅)ဖာလုံမှာ ကတ္တရာလမ်းဟာ (၃၄)မိုင်နဲ့ (၁)ဖာလုံ၊ ကျောက်လမ်းက (၁၉)မိုင်နဲ့ (၂)ဖာလုံ၊ မြေလမ်းက (၂၂)မိုင် (၂)ဖာလုံ ကျန်ရှိတာ ဖြစ်ပါတယ်။ ဒါကို လည်းပဲ ကျွန်တော်တို့ကို အိန္ဒိယနိုင်ငံက လာရောက်ပြီးတော့ ဆောင်ရွက်မယ်လို့ ညှိနှိုင်းထားသော် လည်းပဲ သူတို့ ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိသေးတဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၃၀၀)နဲ့ ကျွန်တော်တို့ စုစုပေါင်း မိုင်တိုင် ၄၉/၀ ကနေ ၅၀/၄ အထိ (၁)မိုင် (၄)ဖာလုံ၊ ၅၁/၂ ကနေ ၅၂/၄ အထိ (၁)မိုင် (၂)ဖာလုံ စုစုပေါင်း (၂)မိုင် (၆)ဖာလုံကို ကျွန်တော်တို့ ကတ္တရာခင်းဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ မုံရွာ-ယာကြီး-ကလေးဝလမ်းမှာရှိတဲ့ မိုင်တိုင် ၆၂/၄ နဲ့ ၇၂/၆ ဒီအပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းဟာ ကျွန်တော်တို့ ပြန်ပြီးသုံးသပ်တဲ့အခါမှာ ရွှေသမင်တောင်တန်းနဲ့ အင်မတန်မှ နီးကပ်နေတဲ့ အပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းဟာ မြေသားတည်ငြိမ်ခြင်း မရှိဘဲနဲ့ အမြဲတမ်း ရွေ့လျားနေပါတယ်။

အထူးသဖြင့် မိုးတွင်းကာလမှာ ဒါ လမ်းသားပျက်ပြီးတော့ သွားလာလို့မရအောင် ဖြစ်တဲ့ အပိုင်း ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအပိုင်းနဲ့ပတ်သက်ပြီးတော့ အိန္ဒိယနိုင်ငံရဲ့ အကူအညီနဲ့ ဒီအပိုင်းကို ကျွန်တော်တို့ ဒီ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလက စပြီးတော့ ဒါကို ကျွန်တော်တို့ Feasibility Study ပေါ့၊ ဒါကို လုပ်ပြီးတော့ ကျွန်တော်တို့ လမ်းကြောင်းပြောင်းဖို့ ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ဒီမိုင်တိုင်အတွင်းမှာ ကျွန်တော်တို့ လမ်းကြောင်းပြောင်းလွှဲဆောင်ရွက်ထားတာကို ကျွန်တော် အပြာလိုင်းလေးနဲ့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီလို လမ်းကြောင်းပြောင်းပြီးတော့ ဆောင်ရွက်မှသာလျှင်လည်းပဲ ကျွန်တော်တို့ ဒီလမ်းဟာ ပြည့်ပြည့်ဝဝ လမ်းသားကောင်းမွန်ပြီးတော့

ကတ္တရာခင်းလို့ သင့်တော်မယ့်လမ်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီလိုဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါတွေကို အဆက်ဆက် ပြန်ကြည့်ရင် ကျွန်တော်တို့ တပ်မတော် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးအဖွဲ့ တာဝန်ယူစဉ်ကလည်း ဒီအပိုင်းမှာ စက်(၁)စီးနဲ့ တာဝန်ခံပြီးတော့ ဒီလမ်းတွေ ပျက်သွားတာကို၊ ပြိုကျသွားတာတွေကို ပြင်ဆင်ထိန်းသိမ်းပေမယ့် မိုးတွင်းအခါမှာတော့ သွားလို့ရတဲ့အဆင့် မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီအပိုင်းကို ကျွန်တော်တို့ လမ်းကြောင်း ပြောင်းပြီးတော့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီလို လမ်းကြောင်း ပြောင်းပြီးတော့ လမ်းအမာခံ သေချာပေါက် ရရှိမှသာ ကတ္တရာလမ်းအထိ ဆောင်ရွက်ဖို့ ညှိနှိုင်းထားပါကြောင်း တင်ပြပါတယ်။ အထူးသဖြင့် ဒီလမ်းကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာ အိန္ဒိယအစိုးရအဖွဲ့ရဲ့ အကူအညီနဲ့ ဆောင်ရွက်မှာ ဖြစ်တာကြောင့် သူတို့နဲ့ ညှိနှိုင်း ဆောင်ရွက်တဲ့အခါမှာ အိန္ဒိယအစိုးရအဖွဲ့ကလည်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြန်လည်အဖြေရရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာဝင်းမြင့်အောင် မှ မေးမြန်းထားတဲ့ မြန်မာပြည်တွင်း လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များက စက်မှုဇုန်ထုတ်ကားများကိုလည်း အခြားယာဉ်များနည်းတူ သတ်မှတ်ခွင့်ပြု တန်ချိန်ထက် (၂)တန်ပိုမို ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင် လမ်း၊ တံတားများ သက်တမ်းပြည့် အသုံးပြုနိုင်ရန် ၂၀၁၅ ခုနှစ်မှာ ဖြစ်ပေါ်လာမယ့် အာဆီယံ စံချိန်စံညွှန်း အတိုင်း အခြေခံပြီးတော့ ဆောင်ရွက်နိုင်ရန်အတွက် ဝင်ရိုး နဲ့ ဘီး အရေအတွက်အရ ယာဉ် + ကုန် အလေးချိန် သတ်မှတ်ခြင်း၊ ယာဉ်အမျိုးအစားအလိုက် လမ်း၊ တံတား အသုံးပြုခ ကောက်ခံရမည့် နှုန်းထားများနဲ့ ဒဏ်ကြေး သတ်မှတ်နိုင်ရန်တို့အတွက် ဝန်ကြီးဌာန (၆)ခု၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံတော်တစ်ဝှမ်းရှိ မော်တော်ယာဉ်အသင်းများ၊ အဝေးပြေး ကုန်စည်ပို့ဆောင်ရေးအသင်းများ၊ ကုန်စည်ဒိုင်များ၊ မန္တလေးစက်မှုဇုန် အခြေစိုက် ကုမ္ပဏီများ အပါအဝင် အင်အား(၅၀၀)ကျော်နဲ့ ၂၈-၉-၂၀၁၂ ရက်နေ့နဲ့ ၄-၁၀-၂၀၁၂ ရက်နေ့တို့မှာ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး ဆန္ဒသဘောထားများ ရယူကာ ယာဉ် + ကုန် တန်ချိန် သတ်မှတ်ဆောင်ရွက်နိုင်ရေး ညှိနှိုင်း ဆွေးနွေးခဲ့ ကြပါတယ်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲချက်များအရ ယာဉ် + ကုန် ပဏာမ တိုးမြှင့်သတ်မှတ်ချက်များကို တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနဲ့ ဝန်ကြီးချုပ်များထံ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း သွားလာခွင့်ပြုရန် သင့်/မသင့် သဘောထားရယူခြင်းနဲ့ ပြင်ဆင်ဖြည့်စွက်လိုသည် များကို အကြံဉာဏ် တောင်းခံခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ပြန်လည်တင်ပြ အကြံပြုချက်များကို စုစည်းပြီးတော့ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြခဲ့ရာ ၂၂-၁၁-၂၀၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်၊ ၄၂/၂၀၁၂ မှ သဘောတူပြီး ဖြစ်ပါသဖြင့် ဝင်ရိုးနဲ့ ဘီးအရေအတွက်အရ ယာဉ် + ကုန် အလေးချိန် သတ်မှတ်ခြင်းအား မေလ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ မိုးတွင်းကာလဟူ၍ လည်းကောင်း အောက်တိုဘာလ ၁ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ နွေကာလ ဟူ၍လည်းကောင်း

၂၀၁၅ ခုနှစ် ခွင့်ပြုမည့် ယာဉ် + ကုန် တန်ချိန်တို့အားလည်းကောင်း ဖော်ပြပြီးတော့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ပြီး တန်ချိန် တိုးမြှင့် သယ်ဆောင်ခွင့်များ ခွင့်ပြုခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ စက်မှုဇုန်ထုတ် (၆)ဘီး ယာဉ် + ကုန် ခွင့်ပြု (၁၆)တန်အား (၂)တန် တိုးမြှင့်ပေးရန် တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်သတ်မှတ်ချက်များအရ လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနရဲ့ မော်တော်ယာဉ်များ Specification သတ်မှတ်ချက်များအရလည်းကောင်း၊ ဟီးနိုး၊ ကာဂို၊ နီဆန်း၊ ကွန်ဒို (၆)ဘီး ကုန်တင်ယာဉ်ကြီးများနှင့် TE 11, TE 21, GMC, Fuso, UD Counter စတဲ့ ကျွန်တော်တို့ (၆)ဘီး ကုန်တင်ယာဉ်ကြီးများဟာ ၂၀၁၅ ခုနှစ်မှာ ခွင့်ပြုမယ့် ယာဉ် + ကုန် (၁၅)တန်အစား အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၅ ခုနှစ် မတိုင်မီ (၁)တန်စီ တိုးမြှင့်ပေး၍ ယာဉ် + ကုန် (၁၆)တန် ခွင့်ပြုပေးထားခြင်း ဖြစ်ပါကြောင်းနှင့် စက်မှုဇုန်ထုတ် (၆)ဘီးယာဉ်များသည်လည်း ဝင်ရိုးနဲ့ ဘီးအရေအတွက်အရ ယာဉ် + ကုန် အလေးချိန် သတ်မှတ်ချက်အား ရှေ့ဝင်ရိုး (၆)တန်၊ နောက်ဝင်ရိုး (၁၀)တန် ပေါင်း(၁၆)တန်အား မူလကပင် မော်တော်ယာဉ်ထုတ်လုပ်ခွင့်ပြုသည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ခွင့်ပြုဝန်တင်အားကို စိစစ်ပြီး သတ်မှတ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဝင်ရိုးနဲ့ ဘီးအရေအတွက်အရ ယာဉ် + ကုန် အလေးချိန် သတ်မှတ်ချက်များမှာ ယာဉ်များရဲ့ အရွယ်အစားနဲ့ ဝန်အားကို ကန့်သတ်ထားပြီး ဖြစ်ပါ၍ တစ်နိုင်ငံလုံး တစ်ပြေးညီ ပြဋ္ဌာန်းထားသော တန်ချိန်သတ်မှတ်ချက်များကိုသာ ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် စက်မှုဇုန်ထုတ် (၆)ဘီးယာဉ်များအား ဝန်ရိုးသတ်မှတ်ချက်နဲ့အညီ (၁၆)တန် ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ၍ ပေးပို့အပ်သော အသနားခံ တင်ပြတိုင်ကြားစာအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး၏ ဖြေရှင်းချက်မှာ ကွဲလွဲနေပါ၍ အပြုသဘောဆောင် ထပ်ဆင့်အသနားခံ တင်ပြတိုင်ကြားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ) က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ၍ ပေးပို့အပ်သော အသနားခံတင်ပြတိုင်ကြားစာအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး

၏ ဖြေရှင်းချက်မှာ ကွဲလွဲနေပါ၍ အပြုသဘောဆောင် ထပ်ဆင့်အသနားခံ တင်ပြတိုင်ကြားခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။ ကော်မတီရဲ့ကိုယ်စား ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထံသို့ လိပ်မူ၍ ပေးပို့အပ်သော အသနားခံတင်ပြ တိုင်ကြားစာ အပေါ် ဦးဆောင်ညွှန်ကြားရေးမှူး ၏ ဖြေရှင်းချက်မှာ ကွဲလွဲနေပါ၍ အပြုသဘော ဆောင်ထပ်ဆင့် အသနားခံ တင်ပြတိုင်ကြားခြင်းကိစ္စပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေ တိုက်နယ်၊ မြစ်ခြေ/အိုင်ရှည်ကျေးရွာမှ ဦးချစ်ကြည် အပါအဝင် (၁၃၅)ဦး၊ ညောင်နီပင်ကျေးရွာမှ ဦးဝင်းမြင့် အပါအဝင် (၄၁)ဦး၊ ညောင်လှကျေးရွာမှ ဦးစောခိုင် အပါအဝင်(၁၀)ဦး စုစုပေါင်း ကျေးရွာသူ/ ကျေးရွာသား(၁၈၆)ဦးတို့ဟာ ၂၀၁၂ ခုနှစ်၊ မေလတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူ၍ လျှပ်စစ် မီတာယူနစ်ပိုများ ယနေ့ထက်တိုင် ကောက်ခံနေခြင်းကိစ္စနှင့်ပတ်သက်ပြီး အသနားခံတင်ပြ လျှောက်ထား ခဲ့ပါတယ်။

အဆိုပါ တင်ပြအသနားခံစာနှင့် ပတ်သက်လို့ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံ ဆိုင်ရာကော်မတီ၏ ၃၀-၁၁-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၂/အမ(ကော်မတီ-၂)၆/၂၀၁၂-၄၇၈ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ ဂုဏ်သိက္ခာကျဆင်းမှု မဖြစ်ပေါ်စေရေး၊ တာဝန်ရှိသူများကို ဖြစ်စဉ်အမှန် စိစစ်ဖော်ထုတ်၍ ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှုတွဲနှင့်တကွ လွှဲပြောင်း ပေးအပ်ခဲ့ပါတယ်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ယနေ့အထိ ဖြေရှင်းဆောင်ရွက်မှု အခြေအနေ လုံးဝပြန်ကြားခြင်း မရှိခဲ့ပါဘူး။

၁၉-၈-၂၀၁၃ ရက်စွဲဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထံ လိပ်မူတင်ပြစာအရ ကျေးရွာများတွင်သာ ခွဲခြား၍ အိမ်သုံးမီတာ သုံးစွဲယူနစ်ဓာတ်အားခထက် ပိုလွန်သော ကွာခြားအပိုဆောင်းယူနစ် ဓာတ်အားခများ ဆက်လက်တောင်းခံနေခြင်းကိစ္စနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်မှ အမှန်တကယ် လျှပ်စစ်ဓာတ်အား သုံးစွဲနေသော်လည်း သုံးစွဲသည့် ယူနစ်မပြဘဲ ဓာတ်အားခ တောင်းခံနေသော ငွေတောင်းခံလွှာဖြင့် တောင်းခံနေခြင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုး ပြောကြားသော စကားများနှင့် ကွဲလွဲစွာ အိမ်သုံးမီတာ ငွေတောင်းခံလွှာများတွင် ကွာခြားအပိုဆောင်းယူနစ် ထည့်ပေါင်း တောင်းခံနေခြင်းကို ပြေစာများနှင့် ထပ်မံတင်ပြထားသည်ကို တွေ့ရှိရပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထံသို့ ၁၉-၈-၂၀၁၃ ရက်စွဲဖြင့် လိပ်မူပေးပို့ခဲ့သော အသနားခံတင်ပြ တိုင်ကြားစာအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး ၏ ဖြေရှင်းချက်မှာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ၏ ဖြေကြားချက်များနှင့် ကွဲလွဲနေပါ၍ ဦးညွန့်အောင် အပါ (၅)ဦးတို့မှ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ အပြုသဘောဆောင် ထပ်ဆင့်အသနားခံ တိုင်ကြားလာခဲ့ပါတယ်။

တိုင်ကြားစာရဲ့ အကျဉ်းချုပ်ကို တင်ပြရမယ်ဆိုရင် တင်ပြသူအဖွဲ့သည် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ ယခင်က တင်ပြခဲ့၍ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကလည်း ၃၀-၁၁-၂၀၁၂ ရက်စွဲဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပါကြောင်း၊ ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးက တင်ပြသူတို့အား နေပြည်တော်ရုံးအမှတ်(၅၃)သို့ ၆-၉-၂၀၁၃ ရက်နေ့အရောက် သွားရောက်တွေ့ရန် စာထွက်လာ၍ သွားရောက်တွေ့ခဲ့ရပါကြောင်း၊ သို့သော်လည်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင် ၏ ပြောကြားချက်မှာ တင်ပြသူတို့ တင်ပြသောအချက်များကို မမေးမြန်းဘဲ ဘာမျှမဆိုင်သော လျှပ်စစ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ နိုင်ငံခြား တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားခနှုန်းထားများ အစရှိသည်တို့ကို မိနစ်(၃၀)ခန့် ပြောသွားကြောင်း၊ ဆက်လက်ပြီး ကွာခြားအပိုဆောင်းယူနစ်ပါရှိသော ဓာတ်အားခများသည် နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးဆောင်ကြရမည်၊ မပေးဆောင်ပါက ဓာတ်အားဖြတ်တောက်ခြင်းနှင့် တရားစွဲဆိုခြင်း ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်းကို ပြောဆိုခဲ့ပါကြောင်း၊ ၁၇-၉-၂၀၁၃ရက်နေ့တွင် လျှပ်စစ်ဝန်ထမ်း များက ကွာခြားအပိုဆောင်းယူနစ် ဓာတ်အားခများအပြင် မီးဆက်ခ(၄၀၀၀) ကျပ်အပါအဝင် (၃)ရစ် ခွဲပေးရန်၊ မပေးပါက ဓာတ်အားဖြတ်တောက်မည် ပြောလာပါ၍ ပေးဆောင်လိုက်ရပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုဝန်ကြီး၏ ရှင်းပြချက်နှင့် အောက်ခြေမှ ဖြစ်ပျက်နေသော အခြေအနေတို့မှာ လွန်စွာကွာခြားနေပါ၍ အပြုသဘောဖြင့် ထပ်မံတင်ပြခြင်း ဖြစ်သည် ဟု ဖော်ပြထားတာ တွေ့ရပါတယ်။

တင်ပြချက်များအပေါ် ကော်မတီအနေနဲ့ စိစစ်တွေ့ရှိရခြင်းမှာ ပြည်ထောင်စုဝန်ကြီးက ရှင်းပြချက်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးက ခေါ်တွေ့ပြီး ရှင်းပြချက်တွေဟာ မကိုက်ညီတာကို တွေ့ရှိရပါတယ်။ အပိုဆောင်းယူနစ်များ ကောက်ခံထားသော ပြေစာများ ပူးတွဲတင်ပြထားတာကိုလည်း တွေ့ရပါတယ်။ လျှပ်စစ်ဓာတ်အား သုံးစွဲနေသော်လည်း ဓာတ်အားယူနစ် မပြထားဘဲနဲ့ ကြွေးကျန် ဟုသာ စာရင်းပေါ်၍ ငွေပြေစာတွင် ရေးသွင်းထားခြင်းကိုလည်း မိတ္တူပူးတွဲ တင်ပြထားပါတယ်။ ပြေစာများအရ အောက်ခြေဝန်ထမ်းများဟာ ယူနစ်ကို ပြချင်သလိုပြထားကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီအနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံတော်သားများ အကျိုးငှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြအပ်ပါတယ် -

(၁) ၁၅-၃-၂၀၁၂ ရက်နေ့တွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ၏ ပြောကြားချက်ဖြစ်သော ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အိမ်သုံးအတွက် တပ်ဆင်ထားသော မီတာများတွင် ဝန်ပိုပြစ်ဒဏ် ကောက်ခံခြင်း မရှိတော့ပါကြောင်း ဟု ပြောကြားချက်နှင့် ၆-၉-၂၀၁၃ ရက်နေ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင် ၏ ပြောကြားချက်တို့ ကွာခြားနေပါသဖြင့် မည်သူ၏ ပြောကြားချက်ကို မီးလင်းရေးကော်မတီက လိုက်နာရမည်။ (၂) မီးကို ဖြတ်ချင်သလို

ဖြတ်ပြီးပါက ပြန်ဆက်ခ (၄၀၀၀)ကျပ်ကို ပြေစာမပေးဘဲ ဓာတ်အားခ ပေးဆောင်နေခြင်းသည် နိုင်ငံတော်ဘဏ္ဍာသို့ ဝင်/မဝင်နှင့် ပြေစာမပေးဘဲ ပြန်ဆက်ခကောက်ခံခြင်းသည် တရားဝင်/မဝင်။ (၃) ၁၉-၈-၂၀၁၃ ရက်နေ့တင်ပြစာနှင့် ပတ်သက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက မီးလင်းရေး ကော်မတီအဖွဲ့ကို နေပြည်တော် ရုံးအမှတ်(၅၃)သို့ခေါ်၍ တွေ့ဆုံပြောခဲ့ခြင်းကို ပြည်ထောင်စုဝန်ကြီးအနေဖြင့် သိရှိခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ (၁၀)နှစ်ကျော်ကြာ လုပ်ကိုင်ခွင့်ပြုခဲ့သော လျှပ်စစ်မီတာများကို ဌာနပိုင်မီတာ ပြောင်းလဲတပ်ဆင်ရမည် ဟု အကြောင်းပြ၍ ငွေကြေးထပ်မံကောက်ခံနေခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ (၁၀)နှစ်ကျော်ကြာ လုပ်ကိုင်ခွင့်ပြုခဲ့သော လျှပ်စစ်မီတာများကို ဌာနပိုင်မီတာ ပြောင်းလဲတပ်ဆင်ရမည်ဟု အကြောင်းပြ၍ ငွေကြေး ထပ်မံကောက်ခံနေခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြမယ့် အကြောင်းအရာက လွန်ခဲ့သော (၁၀)နှစ်ကျော်က အဖြစ်အပျက်နှင့် ဒီနေ့အဖြစ်အပျက်ကို နှိုင်းယှဉ်တင်ပြခြင်းဖြစ်ခြင်း၊ နောက် ကျွန်တော်တို့ နိုင်ငံသား အများနှင့်သက်ဆိုင်သော လျှပ်စစ်မီတာ၊ လျှပ်စစ်စွမ်းအားကိစ္စဖြစ်ခြင်းကြောင့် အချိန်အနည်းငယ်ယူပြီး တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေ ဟာ လက်ရှိ တည်ဆဲ၊ ဖြစ်ဆဲဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ဆိုလိုရင်းအဓိကအချက်ကတော့ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဝန်ကြီးဌာနခွင့်ပြုချက်ရရှိသူက လုပ်ပိုင်ခွင့်ရှိတယ် ဆိုတဲ့သဘောပါပဲ။ ဒီဥပဒေရဲ့ ဆိုလိုရင်းအရဆိုလို့ရှိရင် ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနကနေပြီးတော့ တပ်ဆင်ထားတဲ့လျှပ်စစ်မီတာတွေ၊ ဝန်ကြီးဌာနရဲ့ခွင့်ပြုချက်နဲ့ တပ်ဆင်ထားတဲ့လျှပ်စစ်မီတာတွေဟာ ဥပဒေအရ တရားဝင်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်မီတာ လျှောက်မယ်ဆိုလို့ရှိရင် ကနဦး တပ်ဆင်ခအဖြစ် အခကြေးငွေ များစွာပေးရပါတယ်။ ဒါကလည်း လက်တွေ့ သဘာဝကျပါတယ်။ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ လျှပ်စစ်မီတာတစ်လုံး တပ်ဆင်ဖို့အတွက် ကျွန်တော်တို့ တွေ Switches တွေ၊ Power Transformer ကြီးတွေ၊ ဓာတ်အားတွေ၊ ဓာတ်တိုင်တွေ၊ ကေဘယ်လ်တွေ သူတို့က ဒါတွေအတွက် ကြိုတင်ရင်းနှီးမြှုပ်နှံထားရတာပါ။ ဒါကြောင့် လျှပ်စစ်မီတာတပ်ဆင်ဖို့အတွက် ဆိုလို့ရှိရင် ဒီဟာတွေအတွက် ထိုက်သင့်တဲ့အခကြေးငွေကောက်တာ လက်တွေ့သဘာဝကျပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရက်ပိုင်းမှာပဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပြင်ဆင်ချက်တစ်ခု ထုတ်ပါတယ်။ ဒီပြင်ဆင်ချက်ကလည်း ဘာနဲ့သက်ဆိုင်မှုရှိလည်းဆိုရင် ကျွန်တော်တို့ ဒီနှစ်ဘတ်ဂျက်ထဲမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော်တို့ ဓာတ်အားခယူနစ်တွေကို ပြောင်းလဲ ကောက်ခံပါတယ်။

ဒီကောက်ခံတဲ့နှုန်းထားက ဒီသုံးစွဲတဲ့ယူနစ်တွေအပေါ် မူတည်ပြီးတော့ ယူနစ် သုံးစွဲရင် သုံးစွဲသလို ကောက်ခံခြင်း ဖြစ်ပါတယ်။

အဲဒီပထမ သူတို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကောက်ခံတာကတော့ နေရာတစ်နေရာမှာ အကယ်၍ မီတာ(၅)လုံးရှိတယ်ဆိုရင် အားလုံးကို မီတာတစ်လုံးတည်းရှိသကဲ့သို့ သူက ကောက်ခံပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မီတာ(၅)လုံးရှိတဲ့ ဒီဆွေမျိုးတွေ စုနေတဲ့အိမ်တို့ ဘာတို့ဆိုရင် နစ်နာမှုရှိတဲ့အတွက်၊ တင်ပြတဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ဒါကို ပြင်ဆင်ပြီးတော့ ပြန်လည်ကောက်ခံပါမယ်။ မီတာ(၅)လုံးရှိရင် ယူနစ် မီတာ(၅)လုံးအလိုက် ကောက်ခံမယ်ဆိုတာမျိုး သူတို့ ပြင်ဆင်ချက် ထုတ်ပြန် ထားပါတယ်။ ဒါကတော့ လက်ရှိအဖြစ်အပျက် ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွန်ခဲ့တဲ့(၁၀)နှစ်ကျော် တပ်မတော်အစိုးရလက်ထက်မှာ စက်မှုဇုန်ဖွံ့ဖြိုးရေး ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ စက်မှုဇုန်တစ်ခုကို ဖော်ထုတ်ခဲ့ပါတယ်။ ဒီဖော်ထုတ်တာက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဓိကထားပြီး ဖော်ထုတ်ခဲ့တာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအချိန်တုန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဆိုတာက ဗဟိုအဖွဲ့အစည်းပါ။ ကျွန်တော်တို့ နိုင်ငံတော်အုပ်ချုပ်ရေး အဖွဲ့အစည်း ဆိုတာကလည်း ရန်ကုန်မြို့မှာ ရုံးစိုက်တာပါ။ ဒါကြောင့် ဒီ ဗဟိုအဖွဲ့အစည်းဖြစ်တဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကနေပြီးတော့ ဒီစက်မှုဇုန်ဖော်ထုတ်တဲ့အခါမှာ သူနဲ့ ဒီ စက်မှုဇုန်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားလိုင်းရဲ့ မရှိမဖြစ်တဲ့ လျှပ်စစ်ဓာတ်အားကြိုး တပ်ဆင်ရေးကိစ္စနဲ့ပတ်သက်လို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ပူးတွဲတပ်ဆင်ခဲ့ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း သူတို့ရဲ့ လျှပ်စစ်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ခွင့်ပြုချက်နဲ့အညီ ဒီစက်မှုဇုန်တွေမှာ ဓာတ်အားလိုင်းတွေ တပ်ဆင်ခဲ့ပါတယ်။ ဒီတပ်ဆင်ခဲ့တဲ့ အတွက်လည်း ဒီဒဂုံမြို့သစ်(မြောက်ပိုင်း)မှာရှိတဲ့ စက်မှုဇုန်လုပ်ငန်းရှင်တွေဟာ ထိုက်သင့်တဲ့ အခကြေးငွေ ပေးရပါတယ်။ ဒီအခကြေးငွေနဲ့ပဲ ထရန်စဖော်မာတပ်ဆင်ခြင်းတွေ၊ ဓာတ်တိုင်တွေ၊ မီးလုံးတွေ တပ်ဆင်ခြင်းတွေ လုပ်ခဲ့ပါတယ်။ အဲဒီခေတ်က ကာလတန်ဖိုးနဲ့ဆိုရင် စုစုပေါင်း ငွေကြေးသိန်း(၅၀၀၀)ကျော်လောက်ကို လုပ်ငန်းရှင်များက စိုက်ထုတ်ကျခံခဲ့ရတယ်လို့ သိရပါတယ်။ အဲဒီတော့ ဒီစက်မှုဇုန်ကြီးဟာ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်လောက်က လည်ပတ်နေတာဟာ ဒီနေ့အချိန်ထိပါပဲ။

ဒါပေမဲ့ ၂၀၁၄ ခုနှစ်ကျတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကနေပြီးတော့ မူတစ်ခု ထုတ်ပြန်ပါတယ်။ ဒီမူက ဘာမူလဲဆိုလို့ရှိရင် ဒီ ဒဂုံမြို့သစ်(မြောက်ပိုင်း) စက်မှုဇုန်မှာ တပ်ဆင်တဲ့ လျှပ်စစ်မီတာတွေဟာ တရားမဝင်တော့ဘူး။ ဒါတွေ တရားမဝင်ဘူးဆိုလို့ရှိရင် အသစ်ကဲ့သို့ ပြန်လျှောက်ရမယ်ဆိုပြီးတော့ စာတစ်စောင် ထုတ်ပါတယ်။ ထုတ်ပေးပြီးတော့မှ အသစ်တပ်ဆင်သလိုမျိုး အခကြေးငွေ တွက်ချက်ပြီး ကောက်ခံပါတယ်။ ကောက်ခံတဲ့အခါမှာ ကျွန်တော်တို့ တချို့လုပ်ငန်းရှင်တွေဖြစ်တဲ့ အတွက် တစ်ဦးကို (၁၀)သိန်းကျော် (၁၅)သိန်း လောက်အထိ ကျပါတယ်။ လုပ်ငန်းရှင်ပေါင်း ရာကျော် ရှိပါတယ်။ အားလုံး သိန်းထောင်နဲ့ချီပြီးတော့ ကျွန်တော်တို့ ထပ်မံပေးရပါတယ်။ ဒီလိုပေးရတဲ့အတွက် လုပ်ငန်းရှင်တွေဟာဆိုလို့ရှိရင် ပေးရမှာ ဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေများဟာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့ကို အသနားခံစာ တင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က တရားဝင်တပ်ဆင်ထားတဲ့ မီတာပါ။

အဲဒီခေတ်၊ အဲဒီအခါတုန်းက ကျသင့်တဲ့ငွေတွေလည်း အကုန်ပေးပြီးသားပါ။ အခု အချိန်ကျမှ ထပ်ပြီး ကောက်ခံတယ်ဆိုတာမျိုးဟာ ဆိုတာနဲ့ ပတ်သက်လို့ သူတို့ အသနားခံစာ တင်ပါတယ်။ တင်ပေမယ့် ခွင့်ပြုချက် မပေးခဲ့ပါဘူး။ ခုန ဦးအောင်ငြိမ်း တင်ပြသလိုပါပဲ။ ဒါကို မပေးဘူးဆိုလို့ရှိရင် မီတာ ဖြတ်မယ့် သဘောအခြေအနေထိအောင် အခြေအနေ တင်းမာသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လုပ်ငန်းရှင် တွေဆိုတာကလည်း သူက ကြောက်(၂)မျိုး ကြောက်ရပါတယ်။ လျှပ်စစ်မီတာ ဖြတ်ခံရမှာ ကိုလည်း သူတို့ ကြောက်ပါတယ်။ တစ်ဖက်ကလည်း သူတို့ အလုပ်သမားတွေလည်း ကြောက်ရပါတယ်။ ဒီခေတ်က အလုပ်သမားတွေ တခြိမ့်ခြိမ့် ဆန္ဒပြနေတဲ့ခေတ်ပါ။ အဲဒီတော့ အလုပ်ရှင်တွေဟာဆိုလို့ရှိရင် အလုပ်သမားလည်း ကြောက်ရ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလည်း ကြောက်ရ၊ အဲဒီတော့ လောလောဆယ်တော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တောင်းတဲ့ငွေ မပေးလို့ရှိရင် မီးဖျက်ပြီးတော့ ချက်ချင်းလက်ငင်း ဒုက္ခရောက်မယ့်အရေးကို ကြိုပြီး ရင်မဆိုင်နိုင်တဲ့အတွက် သူတို့ကျတဲ့ငွေကို ပေးရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ထပ်မံတင်ပြပါတယ်။ ဒါဟာဆိုလို့ရှိရင် ဒီသာမန် လုပ်ငန်းရှင်တွေဟာ ကြောက်လို့ပေးခဲ့ရတဲ့ငွေပါ။ သူတို့ စိတ်ထဲမှာလည်း ဒါကို တရားမျှတမှုရှိတယ်လို့ မထင်ပါဘူး။ ဘာလို့လဲဆိုရင် လွန်ခဲ့တဲ့ (၁၀)နှစ်ကျော် တပ်မတော်အစိုးရလက်ထက်မှာ ဒီလို ဗဟိုအဖွဲ့အစည်း ဖြစ်တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘောတူညီချက်နဲ့ အကုန်လုံး တပ်ဆင်ထားတဲ့မီတာတွေကို အခုပြန်ပြီးတော့ အသစ်တပ်ရမယ်ဆိုတဲ့ သဘောပြောတာပါ။ အသစ်တပ်ရမယ်ဆိုလည်း ကျွန်တော် သွားလေ့လာတဲ့အခါမှာကျတော့ မီးကြိုးတွေအကုန် သူတို့ ပထမ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က တကယ့် မိန်းမီတာကြီး တစ်လုံးထားတယ်။ နောက် လုပ်ငန်းရှင်တွေဆီမှာ မီတာကိုယ်စီလည်း တပ်ပြီးသားပါ။ အခုသူတို့ အသစ်တပ်တယ်ဆိုတာလည်း နဂိုရှိတဲ့ မီတာ Box အဟောင်းကပဲရှိတဲ့ မူလီလေး (၄)လုံးကို ဖြုတ်တယ်။ သူတို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ယူတဲ့ မီတာလေးကို ပြန်တပ်တဲ့သဘောပါပဲ။ ဒါပေမဲ့ ကျသင့်ငွေပေးရတာ (၁၀)သိန်း၊ သိန်းပေါင်းများစွာ ပေးခဲ့ရတာပါ။ အဲဒီတော့ လုပ်ငန်းရှင်တွေ ပေးသာပေးရတယ် မကျေနပ်ပါဘူး။ မကျေနပ်ပေမယ့် ကြောက်လို့ပေးရတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ ဒါမှမပေးလို့ရှိရင်လည်း မီးအဖျက်ခံပြီးတော့ ကိုယ့်ရဲ့ မမျှော်မှန်းနိုင်တဲ့ ဒုက္ခတွေ ရင်ဆိုင်ရမယ့်သဘော ဖြစ်နေပါတယ်ပေါ့နော်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့က တည်ဆဲလျှပ်စစ်ဥပဒေတွေအရ ဆိုလို့ရှိရင်လည်း ဒါ နဂိုဥပဒေအရ တရားဝင်တဲ့ဟာကို အခု တရားမဝင်ဘူး ဆိုပြီး ပြဋ္ဌာန်း ခိုင်းတဲ့သဘောကလည်း ဥပဒေနဲ့ မညီပါဘူး။ နောက်ပြီးတော့ ကြောင်းကျိုးဆီလျော်မှု အနေနဲ့လည်း သူတို့ ဘယ်လိုမှ ဆက်စပ်လို့ မရတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း ၏ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး က နေအိမ်အတွက် မီတာများ၊ ထရန်စဖော်မာများ လျှောက်ထားစဉ်ကပင် ဝန်အားပမာဏ၊ ဝပ် (သို့မဟုတ်) မြင်းကောင်ရေကို ဖော်ပြရန်လိုပါကြောင်း၊ ဒါမှသာ လျှောက်ထားသည့် ဝန်အားပမာဏအတိုင်း ဓာတ်အားပေးနိုင်ခြင်း ရှိ/မရှိ ကို ဓာတ်အားပေးတဲ့ ထရန်စဖော်မာ၊ ဓာတ်အားလိုင်းတို့ရဲ့ နိုင်နင်းမှု ရှိ/မရှိ ကို စိစစ်ပြီးတော့မှ မီတာ တပ်ဆင်ခွင့်ပြုခြင်း ဖြစ်ပါကြောင်း၊ ထိုနည်းတူ အသုံးပြုမယ့် ဝန်အား (သို့မဟုတ်) မြင်းကောင်ရေပေါ် မူတည်ပြီးတော့မှ တပ်ဆင်ထားတဲ့ ဝိုင်ယာကြိုး၊ မီးခလုတ်များမှာ နိုင်နင်းမှု ရှိ/မရှိ ကိုလည်း စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနက စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှသာလျှင် ဓာတ်အားဆက်သွယ်ခွင့် ပြုလေ့ရှိပါတယ်။ ပြုခဲ့ပါတယ်။

ဝန်အား အခြေအနေကြောင့် ချို့ယွင်းလောင်ကျွမ်းမှု ဖြစ်ပေါ်ခြင်း၊ နေအိမ်မှာ ဓာတ်အားပေးထားတဲ့ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတွေ ဝန်အား ပိုဖြစ်လာတဲ့အတွက် ဗို့အားကျဆင်းမှုများ ပေါ်ပေါက်လာခြင်း၊ ဝန်ပို အခြေအနေကြောင့် ဓာတ်အားလိုင်း ပြတ်ကျခြင်းများ၊ ထရန်စဖော်မာ ချို့ယွင်းခြင်းများ စတဲ့ ဆိုးကျိုးများ ဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် ဓာတ်အားစနစ်ကိုပါ ထိခိုက်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ဝန်အားပို သုံးစွဲမှုများကို ဟန့်တားနိုင်ဖို့အတွက် လျှပ်စစ်ဥပဒေအရ ဝန်ပိုပြစ်ဒဏ် ဆိုပြီးတော့မှ သတ်မှတ်တောင်းခံခြင်း ဖြစ်ပါကြောင်းနှင့် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မှစ၍ အိမ်သုံးအတွက် တပ်ဆင်ထားတဲ့ မီတာတွေမှာ ဝန်ပိုပြစ်ဒဏ် ကောက်ခံခြင်း မရှိတော့ပါကြောင်း၊ ဝန်ပိုအသုံးပြုမှုကြောင့် မီတာလောင်ကျွမ်းမှုဖြစ်ပေါ်ခြင်း စစ်ဆေးတွေ့ရှိရ ပါကလည်း ဝန်ပို အသုံးပြုမှု အတွက် လျော်ကြေးငွေနှင့် မီတာအသစ် အစားထိုး တပ်ဆင်ခများကိုသာ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်သူတွေက ဝန်ပို မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်သုံးစွဲရာမှာ သတိဖြင့် လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဖြေကြားခဲ့ပြီးတော့ ယင်းဖြေကြားချက်များအတိုင်းပဲ အိမ်သုံးမီတာများမှာ ဝန်ပိုပြစ်ဒဏ် ကောက်ခံခြင်း မရှိတော့ပါကြောင်း တင်ပြခဲ့ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းဖြေကြားချက်မှာ ကိုယ်ပိုင် ထရန်စဖော်မာ တပ်ဆင်သူတွေအတွက် ဓာတ်အားခကောက်ခံရာမှာ ထရန်စဖော်မာရဲ့ အဝင် ဗို့အားမြင့် နေရာဘက်မှာ HT Meter ကို တပ်ဆင်ရန် ဖော်ပြခဲ့ပါတယ်။ အဆိုပါ HT Meter တပ်ဆင်မှုဟာ ကုန်ကျစရိတ်များပြားတဲ့အတွက် တကယ်လို့ တပ်ဆင်ခြင်း မပြုနိုင်ပါက ထရန်စဖော်မာရဲ့ အထွက်ဗို့အား

နိမ့်ဘက်မှာ Low Tension Meter - LT Meter တပ်ဆင်စေပြီးတော့မှ ပိုင်းခြားနယ်နိမိတ်ဖြစ်တဲ့ HT Side အထိ ဓာတ်အားသုံးစွဲမှုကို ကာမိစေရန် ထရန်စဖော်မာအတွင်း ဓာတ်အားပျောက်ဆုံးမှုကို (၁၀) ရာခိုင်နှုန်း သတ်မှတ်ပြီးတော့ တိုး၍ ကောက်ခံခဲ့ခြင်း ဖြစ်ပါတယ်။ သို့ရာတွင် ကျေးရွာများမှာ ထရန်စဖော်မာ တပ်ဆင်၍ ဓာတ်အားခ ကောက်ခံတဲ့အခါမှာ ထရန်စဖော်မာ မီတာက ဖတ်လို့ရတဲ့ ယူနစ် အတိုင်းသာ ကောက်ခံခဲ့ပါတယ်။ ယခုအခါမှာ အိမ်ရာများ၊ ကျေးရွာများ ထရန်စဖော်မာများ စတင် လျှောက်ထားစဥ်ကပင် အိမ်သုံးမီတာတွေကိုပါ တစ်ပါတည်း ခွင့်ပြုတပ်ဆင်ခဲ့ပါတယ်။ ဓာတ်အားခ တောင်းခံရာမှာလည်းပဲ အိမ်သုံးမီတာမှ သုံးစွဲယူနစ် ဖတ်စေပြီးတော့မှ ဓာတ်အားခ တောင်းခံခြင်းကို လိုက်နာဆောင်ရွက်စေလျက်ရှိပါကြောင်း ဖြေကြားခဲ့ပါတယ်။

လျှပ်စစ်ဓာတ်အား သုံးစွဲမှုပြုတဲ့အခါမှာ မြို့နဲ့ ကျေးရွာတွေမှာ နေ့စဥ် တိုးတက်များပြားနေ သော်လည်း လျှပ်စစ်ရုံးများရဲ့ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဘဏ္ဍာငွေ သုံးစွဲနိုင်မှုဟာ အချိုးကျ တိုးမြှင့်ပေးနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် မြို့နယ်စည်ပင်သာယာနယ်နိမိတ် ပြင်ပမှာရှိတဲ့ ကျေးရွာများမှာ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနဲ့ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းရေးလုပ်ငန်းများဖြစ်တဲ့ ဓာတ်အားလိုင်းများ ကြံ့ခိုင် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ တရားမဝင် ဓာတ်အား ချိတ်ဆက်သုံးစွဲမှုများကို စိစစ်ထိန်းသိမ်းခြင်းလုပ်ငန်း များ ဆောင်ရွက်ရန်အတွက် မီးလင်းရေးကော်မတီများကလည်း ကူညီဆောင်ရွက်စေခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပခုက္ကူ ကမ္မ-မြစ်ခြေ မြို့လျှပ်စစ်ရုံးမှာ အမြဲတမ်းဝန်ထမ်း(၈)ဦး၊ နေ့စားဝန်ထမ်း (၁၁)ဦး၊ စုစုပေါင်း(၁၉)ဦးနဲ့ လုပ်ငန်းဆောင်ရွက်နေပါတယ်။ ယင်းဝန်ထမ်းများဟာ ကမ္မ-မြစ်ခြေနှင့် လက်ရှိ မီးလင်းပြီး ကျေးရွာ(၇၅)ရွာရဲ့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်နေရပြီးတော့မှ မီးလင်းပြီးဖြစ်တဲ့ ကျေးရွာတစ်ရွာကို ဝန်ထမ်းတစ်ဦးနှုန်းအနေနဲ့ ခန့်ထားပါက ဝန်ထမ်း(၇၅)ဦး ခန့်ထားပေးရမှာ ဖြစ်ပါတယ်။ ၂၆-၃-၂၀၁၂ ရက်နေ့မှစပြီးတော့ ကျေးရွာများရဲ့ ဓာတ်အားခ ကောက်ခံမှုကို ထရန်စဖော်မာရဲ့ မီတာမှဖတ်ရှု၍ရတဲ့ ယူနစ်အတိုင်း ကောက်ခံပြီးတော့ (၁၀)ရာခိုင်နှုန်း တိုး၍ကောက်ခံခြင်း မပြုတော့ပါဘူးခင်ဗျား။

ဓာတ်အားစနစ်မှ ဓာတ်အားရရှိတဲ့ ကျေးရွာများဟာ မြို့နယ်လျှပ်စစ်ရုံးနဲ့ အလှမ်းကွာပြီးတော့ တရားမဝင် ဓာတ်အားသုံးစွဲမှုများ စစ်ဆေးနိုင်ခြင်း မရှိတဲ့အတွက်ကြောင့် ဓာတ်အားခ ကောက်ခံရာမှာ ထရန်စဖော်မာရဲ့အထွက် ကျေးရွာအတွင်း ပို့လွှတ်မီတာ ယူနစ်ရဲ့ ပျောက်ဆုံးမှု (၁၀)ရာခိုင်နှုန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျခံပေးသော စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အား ပျောက်ဆုံးမှု (၁၀)ရာခိုင်နှုန်းထက် ကျော်လို့ ပျောက်ဆုံးယူနစ် တစ်နည်းခေါ်လျှင် ကွာခြားယူနစ်ကို ကျေးရွာမီးလင်းရေးကော်မတီများက ကျခံပေးလျက်ရှိနေပါတယ်။

ဥပမာအားဖြင့် ကျေးရွာတစ်ရွာမှာ ထရန်စဖော်မာရဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်းမှာ တစ်လ အတွက် မီတာယူနစ် (၁၀၀၀၀) ပို့လွှတ်ရာမှာ မီးသုံးစွဲတဲ့သူတွေ အိမ်များအားလုံးပေါင်းတဲ့ ယူနစ်က (၉၀၀၀)ပဲ ဖတ်လို့ရတယ်ဆိုရင် ကွာခြားယူနစ် (၁၀၀၀) ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် (၁၀)ရာခိုင်နှုန်း ကွာခြားတယ်လို့ ဆိုလိုပါတယ်။ ၎င်းကျေးရွာမှာ ဓာတ်အားပျောက်ဆုံးမှု (၁၀)ရာခိုင်နှုန်း ရှိခြင်းဖြစ်ပါ တယ်။ ကျေးရွာအတွင်းမှာ ဓာတ်အားပျောက်ဆုံးမှု (၁၀)ရာခိုင်နှုန်းအထိကို လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနက သိရှိကျခံပေးခြင်း ဖြစ်ပါတယ်။ တကယ်လို့ ကျေးရွာအတွင်း ပျောက်ဆုံးမှု ယူနစ်(၂၀၀၀) ဖြစ်ခဲ့ မယ်ဆိုရင် (၁၀)ရာခိုင်နှုန်း ထက်ပိုပြီးမှ ပျောက်ဆုံးပါတယ်။ ဒါကြောင့်မို့လို့ (၁၀)ရာခိုင်နှုန်းဖြစ်တဲ့

ကျန်တဲ့ယူနစ်(၁၀၀၀)ကိုတော့ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနက ကျခံပေးပြီး ကျန် (၁၀၀၀)ယူနစ်အတွက်ကို ကျေးရွာမှာ မီးသုံးစွဲသူတွေက ယူနစ် အနည်း/အများ အလိုက် အချိုးကျ ကျခံစေခြင်း ဖြစ်ပါတယ်။

ကျေးရွာများအတွင်းမှာ (၄၀၀)ဗို့ဓာတ်အားလိုင်း စနစ်တကျ တည်ဆောက်ထားတဲ့ ကျေးရွာများ အနေနဲ့က ဓာတ်အားပျောက်ဆုံးမှု (၇)ရာခိုင်နှုန်းအတွင်းသာ ရှိပြီးတော့မှ ကွာခြားယူနစ် ပေးဆောင်ရမှု မရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ ပြည်နယ်များ အားလုံးမှာ ဓာတ်အားစနစ်မှ ဓာတ်အားရယူထားတဲ့ ကျေးရွာများတွေမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အား ပျောက်ဆုံးမှု (၁၀)ရာခိုင်နှုန်းအထိကို ကျခံပေးပြီး ဓာတ်အားခများ ကောက်ခံလျက် ရှိပါတယ်။ ယခု ကွာခြားယူနစ် များတဲ့ ကမ္ဘ-မြစ်ခြေ၊ သရက်တော ကျေးရွာအုပ်စုများမှာရှိတဲ့ ကျေးရွာအချို့ဟာ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းကြိုးများ၊ မီးသုံးစွဲတဲ့ လူအင်အားနဲ့ မျှတမှုမရှိခြင်း၊ ဓာတ်အားလိုင်း တစ်လျှောက်မှာ သစ်ပင်၊ သစ်ကိုင်းများ ထိနေခြင်း၊ မြို့နယ်လျှပ်စစ်ရုံးနဲ့ ဝေးကွာလွန်းတဲ့အတွက် တရားမဝင်ဓာတ်အား သုံးစွဲမှုတွေ ကွင်းဆင်းစစ်ဆေးနိုင်မှု မရှိခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုသည် (၃၀)ရာခိုင်နှုန်းကျော် ရှိနေခဲ့ပါတယ်။

သရက်တောကျေးရွာအုပ်စုမှာရှိတဲ့ သရက်တောရွာမ၊ အိုင်ရှည်ကျေးရွာများမှာ ဓာတ်အားလိုင်း နှင့် ထိနေသော သစ်ပင်တွေ သစ်ကိုင်းခုတ်ခြင်း၊ ဓာတ်အားလိုင်းကို ကြံ့ခိုင်မှုများ ဆောင်ရွက်ခြင်း၊ မီတာများ စစ်ဆေးလဲလှယ်ပေးခြင်းများကို ဌာနနှင့်ပူးပေါင်း ဆောင်ရွက်ခဲ့တဲ့အတွက် ယခင်က ဓာတ်အား ပျောက်ဆုံးမှု (၃၀)ရာခိုင်နှုန်းကျော် ရှိနေရာမှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှစပြီး ဓာတ်အားပျောက်ဆုံးမှု များစွာကျဆင်းလာကြောင်း တွေ့ရှိရပါတယ်။ မြစ်ခြေ - သရက်တောအုပ်စုရှိ ကွာခြားယူနစ်များတဲ့ တိုးချဲ့(၃)နှင့် ထန်းတောချောက်ကျေးရွာများဟာ ဓာတ်အားပျောက်ဆုံးမှု များပြားနေသဖြင့် (၁၀) ရာခိုင်နှုန်းထက်ကျော်သော ဓာတ်အားပျောက်ဆုံးမှုအတွက် ကွာခြားယူနစ်များကို ကျခံပေးဆောင်နေခဲ့ကြ ခြင်းကြောင့် အခြားရွာများနည်းတူ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းရေး ဆောင်ရွက်ရမည့် လုပ်ငန်း များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီ တို့ကို ဖိတ်ကြားပြီးတော့မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး က ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ၁၀း၃၀ နာရီမှာ ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှာ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ရှင်းလင်းပြောကြားခဲ့ပြီးအပေါ်လည်း သိရှိလက်ခံကြတဲ့အတွက် ကျေးရွာလူထုဟာ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများမှ ဝန်ထမ်းများနှင့် ပူးပေါင်းပြီးတော့မှ ယခင်က ထရန်စဖော်မာ တစ်လုံးကို ကျေးရွာများ စုပေါင်းအသုံးပြုနေရာမှ ကျေးရွာမီးသုံးစွဲသူအလိုက် ထရန်စဖော်မာ တိုးချဲ့ တပ်ဆင်ခဲ့တာ ထရန်စဖော်မာ စုစုပေါင်း (၆)လုံး တိုးချဲ့တပ်ဆင်ခဲ့ပါတယ်။ စနစ်တကျ တည်ဆောက်ထား ခြင်းမရှိတဲ့ ဓာတ်အားလိုင်းများ၊ တိုင်များ၊ ကြိုးများကိုလည်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့တဲ့အခါမှာ ၁၁ ကေဗွီလိုင်း (၁.၆၅)မိုင်နဲ့ ၄၀၀ ဗို့လိုင်း (၂၈.၁၂)မိုင်ကိုလည်း စံချိန်မီ တိုင်/ကြိုးများဖြင့် လဲလှယ် တည်ဆောက်ခဲ့ပါတယ်။

ကျေးရွာအတွင်းမှာရှိတဲ့ မီတာများကိုလည်း စစ်ဆေးပြီးတော့မှ Digital Meter များဖြင့် ပြောင်းလဲတပ်ဆင် ဆောင်ရွက်ခဲ့ပါတယ်။ ကျေးရွာများအတွင်း ဓာတ်အားလိုင်းနှင့် ထိနေတဲ့ သစ်ပင်၊

သစ်ကိုင်းများကို ကျေးရွာလူထုမှ ကူညီရှင်းလင်းခြင်း လုပ်ငန်းများကို ကျေးရွာပြည်သူလူထုမှ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။ ၇-၃-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများမှာလည်း မှတ်တမ်း ဓာတ်ပုံများနှင့် ဖော်ပြထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဖော်ပြပါ ကျေးရွာများမှာ ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများ အိမ်သုံးမီတာများကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်သဖြင့် ကျေးရွာများအတွင်း ဓာတ်အားပျောက်ဆုံးမှုသည် ယခင် (၃၀)ရာခိုင်နှုန်း ရှိနေရာမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ခွင့်ပြုထားသော (၁၀)ရာခိုင်နှုန်းအတွင်းသို့ ရောက်ရှိသွားပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ကမ္မ-မြစ်ခြေ၊ သရက်တောကျေးရွာ ဓာတ်အားခ ကောက်ခံမှုတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြေကြားချက်ပါအတိုင်း ကျေးရွာ များတွင် အိမ်သုံးမီတာဖတ်ချက်အတိုင်း ပေးဆောင်နိုင်စေရန် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့မှ လျှပ်စစ်ဓာတ်အားခ ရောင်းချရငွေနှင့် မီးဆက်ခများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းရပါကြောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ဓာတ်အားသုံးစွဲသူများထံမှ ဓာတ်အားခကို တစ်လ ကြိုတင်သုံးစွဲစေပြီးမှ ကောက်ခံသည့် စနစ်ဖြစ်ပါကြောင်း၊ လကုန်၍ ငွေတောင်းခံလွှာ ရောက်ရှိပါက သတ်မှတ်ရက်အတွင်း ငွေပေးသွင်းရန် လိုအပ်ပါကြောင်း၊ ငွေတောင်းခံလွှာတွင် သတ်မှတ်ရက်အတွင်း ငွေပေးချေပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပြီး ဓာတ်အားခငွေ ပေးသွင်းမှု ပျက်ကွက်မှု ရှိပါက မလွှဲမရှောင်သာ ဓာတ်အားဖြတ်တောက် ထားရလျှင် ပေးချေရမည့် ဓာတ်အားခငွေကြေးနှင့်တကွ သတ်မှတ်သည့် မီးဆက်ခကိုပါ ပေးဆောင်မှ သာလျှင် ဓာတ်အားပြန်လည် ဆက်သွယ်ပေးမည်ဖြစ်ပါကြောင်း၊ မီးဆက်ခ တောင်းခံရာတွင် အိမ်သုံး မီတာ အတွက် ပထမတစ်လတွင် (၂၀၀၀)ကျပ်၊ ဒုတိယလတွင် (၃၀၀၀)ကျပ်၊ တတိယလတွင် ၄၀၀၀/- ကျပ် ပေးဆောင်ရပါကြောင်း၊ စတုတ္ထလတွင် မပေးဆောင်ပါက မီတာဖြုတ်သိမ်း၍ အမှုဖွင့်ရမှာ ဖြစ်ပါ ကြောင်း၊ ငွေသင့်တောင်းခံလွှာတွင် ငွေသင့်တောင်းခံလွှာ လစဉ်မှန်မှန်မရခြင်း၊ မီတာ လာမဖတ်ခြင်း၊ အခြားမကျေနပ်မှုများရှိလျှင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာကို အကြောင်းကြား ဆက်သွယ်နိုင်ကြောင်း ဖော်ပြထားပါတယ်။ အိမ်သုံးမီတာများအတွက် မီးဆက်ခ (၄၀၀၀) ကျပ်ကျခံရသူများဟာ (၃)လကျော် ကြာသည်အထိ ဓာတ်အားခ ပေးဆောင်ခြင်း မရှိသူများ ဖြစ်ပါတယ်။ မီးဆက်ခ ရရှိသော ငွေလက်ခံ ပြေစာများကိုလည်း ကမ္မ-မြစ်ခြေ၊ လျှပ်စစ်ရုံးတွင် စာရင်းဇယားဖြင့် ထိန်းသိမ်းထားရှိပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှာ ဓာတ်အားခ သုံးစွဲသူများက မီတာခနှင့် မီးဆက်ခ ပေးသွင်းရာမှာ ငွေရပြေစာများဖြင့် လက်ခံပါတယ်။ ၎င်းရငွေများကိုလည်း ဝန်ကြီးဌာန၏ ရငွေအဖြစ် တရားဝင် နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းပါတယ်။ မီတာခနှင့် မီးဆက်ခ ပေးသွင်းရာမှာ ပြေစာမရရှိပါက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ပြေစာတောင်းခံနိုင်ပါကြောင်းနှင့် ပြေစာ မရရှိ ကြောင်းကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အကြောင်းကြားပါက ထိုက်သင့်သည့် အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်မှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ပခုက္ကူမြို့နယ်၊ ကမ္မ-မြစ်ခြေ၊ သရက်တောကျေးရွာအုပ်စုများတွင် မီးသုံးသူအချို့ ကွာခြား ယူနစ်ကောက်ခံမှု တိုင်ကြားစာနှင့်ပတ်သတ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင်လည်း တင်ပြဆွေးနွေးခဲ့ပြီးတော့မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အား

ဖြန့်ဖြူးရေးလုပ်ငန်းမှ မီးလင်းရေးကော်မတီအဖွဲ့ကို နေပြည်တော်မှာရှိတဲ့ ရုံးအမှတ်(၅၃)သို့ ခေါ်ယူ ရှင်းလင်းခဲ့ခြင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ သိရှိပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ၏ မေးခွန်းကို ရှင်းလင်းတင်ပြ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြောက်ဒဂုံစက်မှုဇုန်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းပြီးတော့မှ စက်မှုဇုန်ဓာတ်အား ရရှိရေးအတွက် 11/0.4 KV ၊ (500) KVA ထရန်စဖော်မာ (၃)လုံးကို တည်ဆောက် တပ်ဆင်ခဲ့ကြပါတယ်။ ၎င်း ထရန်စဖော်မာ(၃)လုံးမှာ မိန်းမီတာ ဖြစ်တဲ့ CT မီတာ(၃)လုံးတပ်ဆင်ထားပြီးတော့မှ အဆိုပါ မိန်းမီတာ(၃)လုံးမှာ ဖော်ပြထားတဲ့ သုံးစွဲယူနစ်များကိုတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဓာတ်အားခများ ပေးချေလျက်ရှိပါတယ်။

မြောက်ဒဂုံစက်မှုဇုန်မှာ လုပ်ငန်းရှင်(၉၇)ဦးရှိပြီးတော့မှ မြေကွက်(၁၇၅)ကွက်မှာ စက်မှု လုပ်ငန်းများ လုပ်ကိုင်နေခြင်းဖြစ်ပြီး မြို့တော်စည်ပင်နှင့် စက်မှုဇုန်ကော်မတီတို့ရဲ့ စက်ရုံအသီးသီးတို့တွင် Sub-Meter များဖြင့် Single Phase Meter (၁၇၄) လုံး၊ 3 Phase Meter ပါဝါမီတာ (၁၅၀)လုံးနှင့် ထရန်စဖော်မာ CT Meter (၁၁) လုံးတပ်ဆင်ထားပြီး ၎င်းမီတာ ဖတ်ချက်များအရ စက်မှုလုပ်ငန်းရှင် တစ်ဦးချင်းစီမှ ဓာတ်အားခများစုစည်း၍ မိမိဌာနမှ ဓာတ်အားကောက်ခံသည့်စနစ် ဓာတ်အားခကို မြို့တော်စည်ပင်မှ ပေးသွင်းနေခြင်းဖြစ်ပါတယ်။

ယခုအခါမှာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအနေနဲ့ ၎င်းလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း မရှိတော့ကြောင်း၊ မြို့တော်စည်ပင်မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)စက်မှုဇုန်ရှိ ထရန်စဖော်မာနှင့် ဓာတ်အား လိုင်းများကို လွှဲပြောင်းလိုကြောင်း ညှိနှိုင်းလာပါတယ်။

စက်မှုဇုန်အတွင်း တပ်ဆင်ထားတဲ့ မီတာများမှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ တရားဝင် ခွင့်ပြုထားတဲ့ မီတာများ မဟုတ်ခြင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စမ်းသပ်ရေးဌာန (Test Lab) မှ စစ်ဆေးအတည်ပြုပြီးထားသော မှတ်ပုံတင်ထားသောမီတာများ မဟုတ်ခြင်းတို့ကြောင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လွှဲပြောင်းရယူမည်ဆိုပါက ဝန်ကြီးဌာန၏ မူဝါဒသတ်မှတ်ချက်အရ တရားဝင်မီတာအားလုံး မဖြစ်မနေတပ်ဆင်ရမည်ဖြစ်သဖြင့် Sub မီတာများကို တရားဝင်မီတာများဖြင့် တပ်ဆင်ပြီးမှသာ လက်ခံနိုင်မှာဖြစ်ပါကြောင်း ပြန်ကြားခဲ့ပါတယ်။

မြို့တော်စည်ပင်နှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့ရဲ့ အစီအမံဖြင့် ယခုအခါ ဒဂုံမြောက် စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်အသီးသီးမှ Single Phase Meter (၁၆၀)လုံးနှင့် 3 Phase ပါဝါမီတာ (၁၄၆)လုံးအား ဝန်ကြီးဌာနမှ စစ်ဆေးမှတ်ပုံတင်ပြီးဖြစ်တဲ့ တရားဝင်မီတာများဖြင့် ပြောင်းလဲတပ်ဆင်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခင်တပ်ဆင်အသုံးပြုနေသော မီတာများသည် မိမိဌာနမှ တပ်ဆင်ပေးထားသော တရားဝင်မီတာများ မဟုတ်ပါသဖြင့် ဌာနမှ သုံးစွဲခတ်အားခ ကောက်ခံနိုင်ရန် တရားဝင် စစ်ဆေးမှတ်ပုံတင်ထားသော မီတာများဖြင့် လုပ်ထုံးလုပ်နည်းအရ လဲလှယ်တပ်ဆင်ခြင်းသာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ကြီးရဲ့ဖြေကြားချက်မှာလည်း ပါပါတယ်။ ဒီ ကျွန်တော်တို့ 500 KV ထရန်စဖော်မာကြီးတွေ တပ်ဆင်ကြောင်းနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လုပ်ဆောင်နေကြောင်း ပါပါတယ်။ ကျွန်တော် တင်ပြသလိုပါပဲ။ လျှပ်စစ်ဥပဒေမှာ ဆိုလို့ရှိရင်လည်းပဲ လျှပ်စစ်ဝန်ကြီးဌာနနဲ့ ဝန်ကြီးဌာနကနေပြီးတော့ ခွင့်ပြုချက်ပေးသူက လုပ်ကိုင်မယ်ဆိုရင် ဒါ တရားဝင်လို့ ပြောပါတယ်။ နောက် ဒီလျှပ်စစ်ဥပဒေမှာပဲ အကယ်၍ ဝန်ကြီးဌာနကနေ ခွင့်ပြုချက်ပေးထားတဲ့သူက လုပ်ကိုင်ခွင့်မရှိတော့ဘူးဆိုလို့ရှိရင် ဝန်ကြီးဌာနက ပြောင်းလဲလုပ်ကိုင်ရမယ် ဆိုတဲ့အချက် ပါပါတယ်။ ဒါကြောင့် ဥပဒေအရဆိုလို့ရှိရင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ စက်မှုဇုန်ကော်မတီ လုပ်ခဲ့တာ တရားဝင်ပါတယ်။ ဒါကြောင့်လည်း (၁၀)နှစ်ကျော်အထိအောင် ကြာခဲ့တာ ဖြစ်ပါတယ်။

အခုအချိန်ကျတော့မှ ဒါဟာ တရားမဝင်တော့ဘူး ဆိုလိုတာဟာ ကျွန်တော် ဘယ်လိုမှ စဉ်းစားလို့မရပါဘူး။ နောက် ကျွန်တော်တို့ ဒီ ရန်ကုန်မြို့တော် ခုန ဝန်ကြီးရှင်းပြတဲ့အထဲမှာ Main Meter ကနေပြီးတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကနေ ငွေကောက်ခံပြီး လျှပ်စစ်ခတ်အားခကို ပေးတယ်ဆိုတာ ပါပါတယ်။ ဟုတ်ပါတယ်။ လက်ရှိအခြေအနေအရလည်း ဒါပါပဲ။ ဒါပေမဲ့ မီးကြိုးတွေကတော့ သက်ဆိုင်ရာ ကျွန်တော်တို့ အိမ်တွေကို၊ စက်ရုံတွေကို (၁၇၅)ကွက်ကို ဒါ သွယ်ထားပြီးသားပါ။ ဒါကို လျှပ်စစ်ဝန်ကြီးဌာနက ကောက်မယ်ဆိုရင် မိန်းမီတာလည်း ရှိတယ်။ အိမ်တစ်လုံးချင်းကိုမှ တစ်ခုချင်း ကောက်မယ်ဆိုလို့ရှိရင် နဂိုသွယ်ထားတဲ့လိုင်းက တရားဝင်လိုင်းဖြစ်တဲ့အတွက် ဝန်ကြီးဌာနက ခွင့်ပြုတဲ့မီတာလေး ဒီဂျစ်တယ်မီတာဖိုးမှာပဲ ကောက်ရမှာ ဖြစ်ပါတယ်။ ဒီဂျစ်တယ်မီတာတစ်လုံးမှာ တစ်သိန်းကျရင် အဲဒီတစ်သိန်းဖိုးပဲ ကောက်ရမှာ ဖြစ်ပါတယ်။ အခု အသစ်သွယ်တန်းသကဲ့သို့ ကောက်နေတာပါ။ ဒါဟာ ဥပဒေနဲ့ မညီပါဘူး။ ဒါကြောင့် ကျွန်တော်ဟာ ဒါကို ထပ်ဆင့်မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၈။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ Main Meter မှာ ကျွန်တော်တို့ ဝန်ကြီးဌာနက ဖတ်တဲ့အတွက် မီတာတစ်လုံးတည်းမှာသာလျှင် ကျွန်တော်တို့က ယခင်(၁၀)နှစ်ကျော်တုန်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ သဘောတူညီမှုနဲ့ Main Meter တစ်လုံးတည်းသာ ကျွန်တော်တို့က ခတ်အားခ ကောက်ခဲ့ပါတယ်။ အဲဒီအခါမှာ အခုနက ပြောတဲ့ Sub Meter အလုံး (၁၀၀)ကျော်ကိုတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကပဲ သူ့အစီအစဉ်နဲ့ သူ ဖတ်ပြီးတော့ ကောက်ပါတယ်။ ဒီအခါမှာ ကျွန်တော်တို့က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ ကျွန်တော်တို့ဟာ ထရန်စဖော်မာ(၃)လုံး တပ်ဆင်ပြီး ကောက်ခံတဲ့အတွက် ကျွန်တော်တို့အနေနဲ့၊ လျှပ်စစ်စွမ်းအား

ဝန်ကြီးဌာနအနေနဲ့ အဲဒီအချိန်တုန်းက ဒီ မီတာတွေအတွက် ကျွန်တော်တို့က Infrastructure ကြေးတွေ မယူခဲ့ ပါဘူး။ မယူခဲ့တဲ့အတွက် ထရန်စဖော်မာ Main Meter ကောက်ခံလိုက်ပြီးတော့ရင် ဒီ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနရဲ့ ဝန်ဆောင်မှုက ပြီးသွားပါတယ်။

အခုအခါမှာတော့ မီတာတစ်လုံးချင်းအတွက်ကို တရားဝင် စိစစ်ချိန်ညှိထားတဲ့ မှတ်ပုံတင်နဲ့ ကောက်ခံခြင်း ဖြစ်တဲ့အတွက် မီတာရဲ့တန်ဖိုးအပြင် ဒီဓာတ်အားလိုင်းတွေကို အတွင်းပိုင်းမှာရှိတဲ့ ဓာတ်အားလိုင်းတွေ အပါအဝင် ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ခြင်း၊ လစဉ် ဆောင်ရွက်ခြင်းများကိုပါ ကျွန်တော်တို့က တာဝန်ယူ ဆောင်ရွက်ပေးရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ခုနက ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ သက်ဆိုင်ရာ ဓာတ်အားလိုင်းတွေ၊ မီတာတွေ အားလုံး ဒီနယ်မြေဝင်းတစ်ခုလုံးမှာရှိတဲ့၊ ဇုန်တစ်ခုလုံးမှာရှိတဲ့ ကိစ္စအဝဝကို လျှပ်စစ်ဝန်ကြီးဌာနက ဝင်ရောက်ထိန်းသိမ်း ဆောင်ရွက်ပေးသွားရမှာ ဖြစ်တဲ့အတွက် ကျနိတဲ့သတ်မှတ်ကြေး ငွေများကိုပါ ကောက်ခံရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၇-၂-၂၀၁၄ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၆-၂-၂၀၁၄ ရက်နေ့တွင် ပြင်ဆင် ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့်တံတား အသုံးပြု ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၆-၂၀၁၄ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/ ၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၈-၂၀၁၃ ရက်နေ့တွင် အဆို တင်သွင်းပြီး ၂၀-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံ တင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့ လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၆-၂၀၁၄ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]